## ကျောက်ကြီး၊ ဂဝံကျောက် ထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

**၁။ လျှောက်ထားသူကာယကံရှင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားရာတွင် ပါရှိရမည့်အချက်များ**

(က) ကာယကံရှင်၏ လျှောက်လွှာ။

( ခ) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေစာရင်းပုံစံ (၁၀၅)၊ မြေစာရင်း ပုံစံ(၁၀၆)။

( ဂ) မြေပိုင်ဆိုင်မှုအထောက်အထား။

( ဃ) လျှောက်ထားမြေသည် လယ်မြေ၊ ယာမြေ (သို့မဟုတ်) မြေလွတ်မြေရိုင်း ဖြစ်ပါက အခြားနည်းအသုံးပြုခွင့်(သို့မဟုတ်) မြေလွတ်မြေရိုင်းလုပ်ကိုင်ခွင့် ရရှိရပါမည်။

( င) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေရာဇဝင်စစ်ဆေးချက်။

( စ) သစ်တောကြိုးဝိုင်းနယ်နမိတ်နှင့် လွတ်ကင်းကြောင်း မြို့နယ်သစ်တောဦးစီး ဌာန၏ သဘောထားထောက်ခံချက်။

**၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့် အချက်များ**

(က) လျှောက်ထားသည့် မြေနေရာနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ကန့်ကွက် နိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ကန့်ကွက်လွှာ ခေါ်ယူခြင်း။

( ခ) လုပ်ငန်းရှင်ထွက်ဆိုချက်၊ အနီးပတ်ဝန်းကျင်နေထိုင်သူ တောင်သူများ၏ စစ်ဆေးထွက်ဆိုချက်။

( ဂ) ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ သဘောထားထောက်ခံချက်။

(ဃ) ထုတ်လုပ်မည့် ကုန်ထုတ်လမ်းကြောင်းနှင့် လမ်းကြောင်းရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သဘောထား။

(င) လုပ်ကွက်နှင့် ဆက်စပ်သည့် ကျေးရွာများ၏ သဘောထား။

(စ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးသည့် အစီရင်ခံစာနှင့် မှတ်တမ်းဓာတ်ပုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစည်းအဝေးမှတ်တမ်း၊ သဘောထားထောက်ခံချက်နှင့်အတူ အမှုတွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြရပါမည်။

**ခြွင်းချက်။** ကျောက်ကြီး၊ ဂဝံကျောက်ထုတ်လုပ်မှု လျှောက်ထားသောနေရာ၊ ဒေသပေါ်မူတည်၍ လိုအပ်လျှင် ဆက်စပ်သည့် ဌာနများ၏ သဘောထား မှတ်ချက်ရယူပါ မည်။ (ဥပမာ– ချောင်းကမ်းပါးတွင် ထုတ်လုပ်ပါက ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ချောက်ကမ်းပါးရံတွင် ထုတ်လုပ်ပါက သစ်တောဦးစီးဌာန)

## ၃။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှစိစစ်ရမည့်အချက်များ

(က) အမှုတွဲတွင် ပါရှိရမည့်အချက်များစုံလင်မှု ရှိ/မရှိ၊ သဘောထားမှတ်ချက်ရယူ ရမည့် ဌာန၊ ပုဂ္ဂိုလ်များ စုံလင်မှုရှိ/ မရှိစိစစ်ရန်။

(ခ) ဌာနနှင့်ပုဂ္ဂိုလ်များ၏ သဘောထားမှတ်ချက်များအပေါ် အခြေခံ၍ ခရိုင်အုပ်ချုပ်ရေးမှူးမှ ကွင်းဆင်းစိစစ်ရပါမည်။

(ဂ) ကျောက်ကြီး၊ ဂဝံကျောက်များကို သတ်မှတ်အခွန်နှုန်းထားဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊ မှတ်တမ်းဓာတ်ပုံနှင့် အတူ လျှောက်ထားသည့် ကျင်းပမာဏနှင့်အညီ တူးဖော်ထုတ်လုပ်ခွင့်ပြုသင့် ပါကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ထောက်ခံတင်ပြရပါမည်။

**၄။ ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်း စဉ်များ**

(က) အမှုတွဲတွင် သက်ဆိုင်ရာဌာန၊ ပုဂ္ဂိုလ်များ၏ သဘောထားမှတ်ချက်နှင့် စာရွက် စာတမ်း အထောက်အထားစုံလင်မှု ရှိ/ မရှိ စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ စိစစ်တင်ပြရပါမည်။

( ခ) အမှုတွဲပြည့်စုံလျှင်ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်ဖြစ် ပါသည်။

( ဂ) ကယားပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမှုတွဲ နှင့်အတူ ပြန်လည်ပေးပို့ပါမည်။

**၅။ ကယားပြည်နယ်အစိုးရအဖွဲ့မှဆောင်ရွက်မည့်လုပ်ငန်းစဉ်**

- ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြ၍ ဆုံးဖြတ်ချက်ကို ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အကြောင်းကြားပါမည်။

**ခြွင်းချက်။** လုပ်ငန်းပမာဏကြီးမားလျှင် ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်း ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူခြင်းဆောင်ရွက်ပါမည်။

**၆။ ကြီးကြပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းဖောက်ဖျက်ခြင်းများရှိပါက

ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။